၇။ ဓမ္မဿ အဝဏ္ဏ ဘာသန=တရားတော်၏ **အပြစ်ကို** ပြောခြင်း။ [ဤတရားအတိုင်း ကျင့်လို့ **ဝဋ်ဆင်းရဲမှ** မလွတ်နိုင်ဘူး စသည်ဖြင့် မပြောရ။]

၈။ သံဃဿ အဝဏ္ဏ ဘာသန=သံဃာတော်၏ အပြစ်ကို ပြောခြင်း။ [အရိယာ ဖြစ်ပြီးသော သံဃာတော်ကို "ကောင်းမွန်စွာ ကျင့်သူ မဟုတ်ဘူး" စသည်ဖြင့် သံဃာတော်ကို ထိခိုက်၍ မပြောရ။]

၉။ မိစ္ဆာဒိဋ္ဌိ=မိစ္ဆာအယူရှိခြင်း။ [ကံနှင့် ကံ၏ အကျိုးကို မယုံခြင်း, "မည်သူမဆို ဤဘဝမှ သေလျှင် ဘဝ ပြတ်တော့၏၊ နောက်ထပ် မဖြစ်ရ" ဟု ဥစ္ဆေဒဒိဋ္ဌိ စသော အယူရှိခြင်း။]

၁၀။ ဘိက္ခုနီဒူသန=ဘိက္ခုနီမ၌ မေထုန်ကျင့်ခြင်း။

**မှတ်ချက်။** ။ဤပြစ်မှု ၁၀-ပါးတွင် တပါးပါးကို ကျူးလွန်လျှင် ရှင်သာမဏေ အစစ် မဟုတ်တော့, ရွေးကယူထားသော သရဏဂုံ ပျက်တော့၏။ သင်္ကန်း ဝတ်နှင့်နေသော်လည်း သရဏဂုံမတည်တော့၊ ထို့ကြောင့် ပြောဆိုဆုံးမ၍ ရမည့်သူမဟုတ်လျှင် လူဝတ်လဲစေ၍ ကျောင်းမှ နှင်ထုတ်ရမည်၊ ပြောဆိုဆုံးမ၍ ရလောက်သူဖြစ်လျှင်ကား လူဝတ် မလဲဘဲ ချက်ချင်း သရဏဂုံထပ်၍ ယူစေရမည်။ယခု ခေတ်၌ မကြာ မကြာ သရဏဂုံ ထပ်ယူလေ့ ရှိသည်ကား ထိုပြစ်မှုများကို မကျူးလွန်မိဘဲ ထပ်လျှင် အကျိုးမထူးလှ၊ ကျူးလွန်မိ၍ နောက်ထပ် မဖြစ်အောင် စောင့်စည်းမည့်သူ